# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ဒေါက်တာသောင်းလှိုင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
(ပြည်သူ့ကျန်းမာ)

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မျှော်မှန်းချက်

- ❖ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ကျန်းမာသော မျှော်မှန်းလူ့သက်တမ်း တိုးမြင့်လာစေရန်
- ❖ လူတိုင်းရောဂါဘယ ကင်းရှင်းစေရန်နှင့် ကျန်းမာရေးအဆင့် အတန်းမြင့်မားစေရန်
- ❖ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီရရှိနိုင်ရန်

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

(က) နိုင်ငံတော်မှချမှတ်ထားသည့် ကျန်းမာရေးမူဝါဒများနှင့်အညီ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန် ကျန်းမာရေးအဆင့်မြင့်တင်သည့် ကျန်းမာရေးစီမံကိန်းများ ရေးဆွဲအကောင် အထည်ဖော်ရန် ဦးဆောင်တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ကျန်းမာရေးအဆင့်မြင့်တင်နိုင်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဖြစ်သည့်(မိခင်ကျန်းမာရေး၊ကလေးကျန်းမာရေး၊အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ပျိုရွယ်သူကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဦးဆောင်၍ စီမံဆောင်ရွက်ရမည်။

(ဃ)ရောဂါကာကွယ်နှိမ်နင်းကုသရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရမည်။

(င) ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန် သင်တန်းများ၊ မွမ်းမံသင်တန်းများပေးရမည်။

(စ)ကျန်းမာရေးအဆင့်မြှင့်တင်သည့် လုပ်ငန်းများဆောင်ရွက်မှုကို ကျေးလက်ဒေသအောက်ခြေအထိ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲသွားရမည်။

(ဆ) ပြည်သူလူထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူများ၊ အလေ့အကျင့်များကို စွဲမြဲကျင့်သုံးလာစေရန် ထိရောက်သော ကျန်းမာရေးပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်မှ ပေးအပ်လာသောတာဝန်များကို တိကျစွာဆောင်ရွက်ရမည်။

# ပြည်သူ့ကျန်းမာရေးဦးစီးဌာနဖွဲ့စည်းပုံ

## ညွှန်ကြားရေးမှူးချုပ်

### ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)

- မိခင်/မျိုးဆက်ပွားကျန်းမာရေး
- ကလေးကျန်းမာရေး
- အခြေခံကျန်းမာရေး
- ကျောင်းကျန်းမာရေး
- အာဟာရဖွံ့ဖြိုးရေး
- လုပ်ငန်းခွင်/ပတ်ဝန်းကျင် ကျန်းမာရေး
- ကျန်းမာပညာ

### ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)

- ရောဂါနှိမ်နင်းရေး
- ကူးစက်
- မကူးစက်

### ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)

- စီမံကိန်း
- စစ်ဆေးရေး
- ဘဏ္ဍာရေး
- ဝယ်ယူဖြန့်ဖြူးရေး
- အထွေထွေစီမံခန့်ခွဲရေး

### ဒုတိယ ညွှန်ကြားရေးမှူးချုပ် (သဘာဝဘေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး)

- ကြိုတင်ပြင်ဆင်ရေး
- တုံ့ပြန်ဆောင်ရွက်ရေး

---

- တိုင်းဒေသကြီး/ပြည်နယ်၊
- ခရိုင်၊
- မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများ

# ပြည်သူ့ကျန်းမာရေးဌာနအောက်ရှိဌာနခွဲများ

- မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး (MRH)
- ကလေးကျန်းမာဖွံ့ဖြိုးရေး(CHD)
- အာဟာရဖွံ့ဖြိုးရေး(NNC)
- ကျောင်းကျန်းမာရေး(SH)
- လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေး(OEH)
- အခြေခံကျန်းမာရေး(BHS)
- ကျန်းမာရေးအသိပညာမြှင့်တင်ရေး(HLP)

❖ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ ခရိုင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှတစ်ဆင့် ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးဌာနများဖြစ်သော

- မိခင်ကလေးကျန်းမာရေးဌာန၊
- ကျေးလက်ကျန်းမာရေးဌာန၊
- ကျေးလက်ကျန်းမာရေးဌာနခွဲများအား

အခြေပြု၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

# ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ

- ငှက်ဖျားရောဂါ
- တီဘီရောဂါ
- အေအိုင်ဒီအက်စ်ရောဂါ
- အနာကြီးရောဂါ
- မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး
- မကူးစက်တတ်သောရောဂါများ
- ရာသီအလိုက်ကပ်ရောဂါအသွင် ဖြစ်ပွားတတ်သောရောဂါများ
- အသစ်ဖြစ်ပေါ်လာသောကူးစက်မြန်ရောဂါများ
- ကာကွယ်၍ရသောရောဂါများ

# သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် ပြည်သူ့ကျန်းမာရေး ပြဿနာများ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ

- သဘာဝဘေးစီမံခန့်ခွဲမှု (Disaster Management Plan) များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- အရေးပေါ်အခြေအနေတွင် သတင်းအချက်အလက်များအချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ပေးပို့ရန် ကျန်းမာရေးစောင့်ရှောက်မှု ကွပ်ကဲရေးဗဟိုဌာန (Emergency Operation Centre) ဖွင့်လှစ်ထားရှိခြင်း
- ကူးစက်ရောဂါအရေးပေါ် ထိန်းချုပ်မှုဌာန (Strategic Health Operation Centre) ဖွင့်လှစ်ထားရှိခြင်း
- မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနနှင့် တိုက်ရိုက်ဆက်သွယ်သတင်းပေးပို့သော (Early Warning Alert and Response System) ထူထောင်ထားရှိခြင်း

- အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ (Rapid Response Team) ဖွဲ့စည်းထားရှိခြင်း
- သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်အသုံးပြုနိုင်ရန် အတွက် Emergency Health Kit များ ပြင်ဆင်ထားရှိခြင်း
- သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်သော ဒေသများ၏ သဘာဝဘေးဆိုင်ရာ အခြေခံအချက်အလက်များ အားစနစ်တကျ စုစည်း၍ Geographical Information System (GIS) ဖြင့် Disaster Mapping ရေးဆွဲ၍ High Risk Areas များအတွက် ကြိုတင် သတိပေးပြင်ဆင်ဆောင်ရွက်ခြင်း
- ပြည်တွင်း၊ ပြည်ပသင်တန်းများပို့ချခြင်း Simulation Exercise များဆောင် ရွက်ခြင်း

# အထွေထွေစီမံခန့်ခွဲရေးနှင့်အထောက်အကူပြုလုပ်ငန်းများ

- ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖြည့်တင်းခြင်း
- အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်း၊ အသစ်ဆောက်လုပ်ခြင်း
- အဓိကဆေးဝါးများ၊ ဆေးပစ္စည်းများနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ရုံးအသုံးအဆောင်၊ ပရိဘောဂများ ဝယ်ယူဖြန့်ဖြူးခြင်း
- စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း

# တိုက်နယ်ဆရာဝန်များ၏ တာဝန်နှင့် ဝတ္တရားများ

- ❖ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများ
- ❖ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ
- ❖ ကုသရေးလုပ်ငန်းများ

# ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆိုင်ရာ တာဝန်ဝတ္တရားများ

- မိမိနယ်မြေအတွက် ပြည်သူ့ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်း များကို တာဝန်ခံခြင်း
- တိုက်နယ်ကျန်းမာရေးဌာန အနုစိပ်စီမံချက် (Microplan )ရေးဆွဲ၍ အောင်မြင် အောင် အကောင်အထည်ဖော်ခြင်း/ ကြီးကြပ်ခြင်း
- စီမံကိန်းဝင်ရောဂါများ တိုက်ဖျက်ရေးလုပ်ငန်းတွင် လျာထားချက်/ ရည်မှန်း ချက် ပြည့်ဝစ်မှီရေးအတွက် တာဝန်ခံခြင်း
- ထူးခြားဖြစ်စဉ်နှင့် ကပ်ရောဂါဖြစ်ပွားချိန်များတွင် TMO ထံ ချက်ခြင်းသတင်း ပို့၍ Rapid Response Team ကိုခေါင်းဆောင်ကာ တာဝန်ယူနှိမ်နင်းခြင်း

# တာဝန်ဝတ္တရားများ

- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပါဝင်သော ကြိုတင် ပြင်ဆင်မှု/ ကယ်ဆယ်တုံ့ပြန်ခြင်း/ ကူးစက်ရောဂါကာကွယ်ခြင်း/ ဘေး အန္တရာယ်ကြောင့်ခံစားရမှု လျော့နည်းသက်သာအောင် စီမံခြင်း စသည်တို့ကို ကိုယ်တိုင်ဦးဆောင်၍ ဆောင်ရွက်ခြင်း
- ပတ်ဝန်းကျင်/ လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း/ ကြီး ကြပ်ခြင်း
- မိမိတို့ဌာနမှ ထွက်သော စွန့်ပစ်ပစ္စည်းများ စနစ်တကျသိမ်းဆည်း/ စွန့်ပစ် တတ်စေရန် ဝန်ထမ်းများအားအသိပညာပေးခြင်း/ လက်တွေ့လိုက်နာဆောင် ရွက်စေရန် ကြပ်မတ်ခြင်း

# တာဝန်ဝတ္တရားများ

- ပုံမှန်ဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်း များကို လက်ထောက်ကျန်းမာရေးမှူး (သို့) ကြီးကြပ်(၁)အားလည်းကောင်း၊ မိခင်ကလေး၊ မျိုးဆက်ပွား၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသမီး ကျန်းမာရေးဆရာမအားလည်းကောင်း တာဝန်ယူ၍ ဆောင်ရွက်စေခြင်း

# Thank You!